မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
July 3, 2025 Volume 92, Number 3

## ရန်ကုန်ဆန်ဈေးကွက် အရောင်းအဝယ်အေးနေ




ရန်ကုန်မြို့ကဆန်အရောင်းဆိုင်တွေမှာ ဆန်အရောင်းအဝယ်အေးနေပြီး ဆန်ဈေးနှုန်းတွေလည်းတည်ငြိမ်နေတယ်လို့ ရန်ကုန်မြို့ရွှေမိုးဆန်ရောင်းဝယ်ရေး အရောင်းတာဝန်ခံက ပြောပါတယ်။

ဆန်အရောင်းဆိုင်တွေမှာ ဆန်ချောထက် ဆန်ကြမ်းအမျိုးအစားကို ဝယ်ယူသူတွေပိုများနေတာကြောင့် ဆန်ကြမ်းက အနည်းငယ် အရောင်းပိုသွက်နေတယ်လို့ ဆိုပါတယ်။

အခုလို မိုးတွင်းကာလက အရောင်းအဝယ်အေးတာက ပုံမှန်ဖြစ်ပြီး မိုးရာသီကုန်သွားရင်တော့ အရောင်းအဝယ် ပြန်သွက်လာနိုင်တယ်လို့ ရွှေမိုးဆန်ရောင်းဝယ်ရေးဆိုင်ရဲ့ အရောင်းတာဝန်ခံက ပြောပါတယ်။

လက်ရှိ ဆန်ဈေးကွက်ထဲမှာတော့ ဆန်ချောတစ်အိတ်ကို ကျပ် ၈၅,၀၀၀ ကနေ ကျပ် ၁၃၀,၀၀၀ အထိရှိပြီး ဆန်ကြမ်းတစ်အိတ်ကို ၅၃,၀၀၀ ကျပ်ကနေ ကျပ် တစ်သိန်းကျော်ဝန်းကျင်အထိ ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ဇွန်လအတွင်းကတော့ ပြည်တွင်းဈေးကွက်မှာ ၂၄ ပြည်ဆန် တစ်အိတ်ကို အမျိုးအစားအလိုက်အနိမ့်ဆုံးကျပ်ခြောက်သောင်းကနေအမြင့်ဆုံးကျပ်တစ်သိန်းငါးသောင်းငါးထောင်အတွင်း ရောင်းချဖို့စားသုံးသူရေးရာဦးစီးဌာနက ရည်ညွှန်းဈေးထုတ်ပြန်ထားပါတယ်။

**Source :** https://onenewstvchannel.com/

၃.၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၇.၅၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၀.၈၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၉၁.၀၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၂၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၃ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## အောင်ပန်းပွဲရုံများမှ ဇွန်လအတွင်း စိုက်ပျိုးရေးထွက်ကုန်များစီးဆင်းမှုနှင့် ဈေးကွက်အခြေအနေ

ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စိုက်ပျိုးထုတ်လုပ်ထွက်ရှိသည့် ဟင်းသီးဟင်းရွက်များ၊ စားဖိုဆောင်သီးနှံများ၊ သစ်သီးဝလံများနှင့် ပန်းမန်များကို အောင်ပန်းမြို့ရှိပွဲရုံများမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံး တင်ပို့ဖြန့်ချိမှုအနေဖြင့် ပြီးခဲ့တဲ့ ဇွန်လအတွင်းမှာဆိုရင် ဟင်းသီးဟင်းရွက်များဖြစ်သည့် ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရွှေပဲ၊ မုန်ညင်း၊ ဖရုံသီး၊ ခရမ်းသီး၊ ခရမ်းချဉ်သီး၊ ငရုတ်ပွ၊ မုန်လာဥနီ၊ ဘိုစားပဲ စသည့်သီးနှံများ အနေဖြင့် ကုန်ချိန် ပိဿာ ၃၂သိန်းကျော်၊ စားဖိုဆောင်သီးနှံများမှ ကြက်သွန်ဖြူ ကုန်ချိန်ပိဿာ ၁၈သိန်းကျော်၊ ချင်းနှင့်နနွင်းမှာ ကုန်ချိန်ပိဿာ ၆ သိန်းကျော်ခန့်ကို အောင်ပန်းပွဲရုံများမှ မြန်မာတစ် နိုင်ငံလုံးသို့ တင်ပို့နိုင်ခဲ့ပြီး ပြည်ပပို့ကုန် ပြောင်းဖူးစေ့အနေဖြင့် ကုန်ချိန်ပိဿာ ၆၇ သိန်းကျော်ကို ရန်ကုန်မြို့သို့တင်ပို့ခဲ့သည်။

ဈေးကွက်ဈေးနှုန်းအနေဖြင့် ပြောင်းသီးနှံမှာ ဇွန်လအတွင်း ပြည်ပဝယ်လိုအားကောင်းပြီး ရန်ကုန် ဈေးကွက်မှ အဆွဲများသဖြင့် ပြောင်းဈေးအနေဖြင့် ယခင် တစ်ပိဿာလျှင် ၁၅၅၀ ကျပ်မှ ယခုအခါ ၁၅၈၅ ကျပ်ခန့် ဈေးမြင့်တက်ခဲ့သည်။

ကြက်သွန်ဖြူနှင့်အာလူးမှာဈေးနှုန်းတည်ငြိမ်ပြီးဈေးကွက်အဝင်နည်းမှုကြောင့်စီးဆင်းမှုမှာပုံမှန်အတိုင်း ဖြစ်ပေါ်ခဲ့သည်။ ချင်းအနေဖြင့်ဥမပေါ်ချိန်ဖြစ်တဲ့အတွက်၁၅၀၀မှ ၂၅၀၀ကျပ် ဈေးသာရှိပြီး ပြည်တွင်းသုံးသာ အဆွဲများခဲ့သည်။ နနွင်း အနေဖြင့် ပြည်တွင်းဈေးကွက်မှ ပုံမှန်ဝယ်ယူမှုရှိတဲ့အတွက်တစ်ပိဿာလျှင် ၁၀,၀၀၀ မှ ၁၄,၄၀၀ ကျပ် ရှိပြီး တင်ပို့မှုများခဲ့သည်။

ကုန်စိမ်းသီးနှံများအနေဖြင့် ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်များမှာ ဇွန်လအစပိုင်းတွင် ဈေးနှုန်းကျဆင်းခဲ့၍ ဇွန်လကုန်ပိုင်းတွင် ဈေးနှုန်းအနည်းငယ်မြင့်တက်မှုမှာ ခရမ်းချဉ်သီးအနေဖြင့် ၁၅၀၀ မှ ၂၈၀၀ ကျပ်၊ ဂေါ်ဖီထုပ်မှာ ၅၀၀ မှ ၁၀၀၀ ကျပ် ရှိခဲ့ပြီး အခြားကုန်စိမ်းသီးနှံများမှာ အောက်ပိုင်းဒေသများမှစိုက်ပျိုးထွက်ရှိချိန်ဖြစ်ခြင်း၊ သယ်ယူပို့ဆောင်မှုအခက်အခဲများကြောင့် စီးဆင်းမှုမှာယခင်လအောက်လျော့နည်းခဲ့ကြောင်း သိရသည်။

Source : https://myantrade.gov.mm/

## မြစ်သားမြို့နယ်၌နနွင်းများစတင်စိုက်ပျိုး



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော နနွင်းကိုလည်း တောင်သူများ အများဆုံး စိုက်ပျိုးလာကြသည်။

မြို့နယ်အတွင်း နနွင်းများကို မေလနှင့်ဇွန်လများတွင် စတင်စိုက်ပျိုးလျက်ရှိပြီး ၁ ဧကမျိုးအနေဖြင့် နနွင်းတက် ၁၅ တင်း စိုက်ပျိုးရပြီးနနွင်းခေါင်းစိုက်ပျိုးမှုတွင် ၃၀-၃၅တင်း စိုက်ပျိုးရကြောင်း၊ နနွင်းတက်မျိုး(၁)တင်းလျှင် ၁၅,၀၀၀ ကျပ်ဈေးရှိပြီး ၁ ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ၂၅ သိန်းကျပ်ခန့် ကုန်ကျကြောင်း၊တောင်သူများမှာ နနွင်းခင်းများအတွင်းနှမ်းများလည်း သီးညှပ်စိုက်ပျိုး ကြကြောင်း၊ အများဆုံးစိုက်ပျိုးသောရွာများမှာ သိုတန်၊ ဒါးရဲကောင်းနှင့် စပယ်တောကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း ၊နနွင်းစိုက်ပျိုးမှုကို ဘောင်စိုက်စနစ်ဖြင့်စိုက်ပျိုးကြကြောင်း၊ယခင်နှစ်အထွက်နှုန်းအနေဖြင့် နနွင်းတက်အစို ၂၅ တင်းလျှင် ၅၃၀,၀၀၀ ကျပ်ဖြင့်ရောင်းဝယ်ခဲ့ပြီး ၁ ဧက အထွက်နှုန်းအနေဖြင့် နနွင်းအစိုတင်း ၃၂၅ တင်းခန့်ထွက်ရှိခဲ့ကြောင်း၊ နနွင်းတစ်တင်းလျှင် ၂၀,၀၀၀ကျပ်ဖြင့် ရောင်းချခဲ့ရသောကြောင့် သိန်း ၄၀ ကျပ်ခန့်မြတ်ခဲ့ကြောင်း၊ ယခုအချိန်တွင် နနွင်းများ ထွက်ရှိခြင်း မရှိသေးကြောင်း၊နနွင်းများကို ဖေဖော်ဝါရီလတွင် စတင်ထွက်ရှိမည်ဖြစ်ကြောင်း ၊ ယခုလက်ရှိ နနွင်းတက် ဈေးနှုန်းအနေဖြင့် နနွင်းတက်အခြောက် ၁ ပိဿာလျှင် ၁၂,၅၀၀ကျပ်၊ နနွင်းမှုန့် ၁ ဘူးလျှင်၂၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ထွက်ရှိချိန်တွင် ပွဲစား

များက အခင်းထဲသို့ တိုက်ရိုက်လာရောက်ဝယ်ယူလျက်ရှိပြီး ပွဲစားများက နနွင်းများကို ရေနွေးဖျော်ကာ အခြောက်လှမ်း၍ ပွဲရုံများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

https://www.doca.gov.mm/

## ပခုက္ကူမြို့နယ်၌ ပဲတီစိမ်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူမြို့ပေါက်၊ ရေစကြိုနှင့်ဆိပ်ဖြူ မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံကိုလည်း အဓိကထား၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းသီးနှံကို မိုးစိုက်နှင့် ဆောင်းစိုက်ဟူ၍ စိုက်ပျိုးလျက်ရှိရာ မိုးပဲတီစိမ်းစိုက်ဧက ၂၀,၀၀၀ ခန့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မိုးပဲတီစိမ်းကိုဖေဖော်ဝါရီလနှင့်မတ်လများတွင် စိုက်ပျိုးကြပြီး ဇွန်လတွင် သီးနှံများထွက်ပေါ်ကြောင်း၊ ပဲတီစိမ်း မြကြေးမုံနှင့်ပဲတီစိမ်းကျောက်စိမ်းမျိုးများဟူ၍ရှိပြီး ပဲတီစိမ်းကျောက်စိမ်းမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊စိုက်ပျိုးရာတွင် မြေပြုပြင်၍ ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် ပင်ကြားငါးလက်မ၊ တန်းကြားတစ်ပေအကွာဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့လေးပြည်ခန့် ကုန်ကျကြောင်း၊မြေပြုပြင်ခ၊ မျိုး၊သွင်းအားစု ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၆-၇ သိန်းခန့် ကုန်ကျကြောင်း၊တစ်ဧကလျှင် ၁၃-၁၇ တင်းခန့်ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့်သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ပြည်တွင်း ဈေးကွက်အနေဖြင့် ပခုက္ကူမြို့ရှိသီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့်မန္တလေး မြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ပြည်ပဈေးကွက်အနေဖြင့်ရန်ကုန်မြို့မှတစ်ဆင့်တရုတ်နှင့်ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့ရောင်းချကြောင်း၊ယခုအချိန်တွင် ပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းချိန်တွင် ပိုးမွှားကျရောက်မှု အနည်းငယ်ကင်း၍ အထွက်နှုန်းကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## EV ယာဉ်သွင်းသူများ ခြံအကျယ် ၁၀၀၀၀ စတုရန်းပေ ရှိရမည်




လျှပ်စစ်သုံးယာဉ်တင်သွင်းသူတွေအနေနဲ့ အရောင်းပြခန်းဖွင့်လှစ်ဖို့အတွက် အနိမ့်ဆုံးစံသတ်မှတ်ချက်အနေနဲ့ ခြံအကျယ်အဝန်း စတုရန်းပေတစ်သောင်းရှိရမယ်လို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ပါတယ်။

ခြံအကျယ်အဝန်း စတုရန်းပေတစ်သောင်းမှာ အရောင်းပြခန်း၊Service Center ဧရိယာနဲ့ ညှိနှိုင်းနေခန်းရဲ့ စုစုပေါင်း ဧရိယာက၅,၀၀၀စတုရန်းပေရှိရမှာဖြစ်ပြီး သိုလှောင်ရုံ အကျယ်အဝန်းရဲ့ အနိမ့်ဆုံး စံသတ်မှတ်ချက်ကိုလည်း စတုရန်းပေ ၅၀၀၀ ရှိရမယ်လို့ သတ်မှတ်ထားပါတယ်။

မြေနေရာရရှိမှုအပေါ် မူတည်ပြီးမြေအကျယ်အဝန်းသတ်မှတ်ချက်ကို ၁၀ ရာခိုင်နှုန်းဖြေလျှော့ခွင့်ပြုထားပါတယ်။ အရောင်း

ပြခန်းနဲ့ သိုလှောင်ရုံနေရာကိုလည်း အရောင်းပြခန်းဖွင့်လှစ်မဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်တစ်ခုအတွင်း မှာသာ တည်ရှိရမှာ ဖြစ်ပါတယ်။

အခုစံသတ်မှတ်ချက်တွေဟာ EV ကားတင်သွင်းသူတွေအတွက်သာဖြစ်ပြီး ကားမတင်သွင်းဘဲ အရောင်းပြခန်း သီးသန့် ဖွင့်လှစ်မဲ့သူတွေအတွက်ကတော့ ဒီစံသတ်မှတ်ချက်တွေ မလိုဘူးလို့ ကား Showroom ပိုင်ရှင်တစ်ဦးက ပြောပါတယ်။

လျှပ်စစ်သုံးယာဉ် တင်သွင်းမဲ့ကုမ္ပဏီတွေဟာအမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးဦးဆောင်ကော်မတီက သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့ ခွင့်ပြုထားတဲ့အစီးအရေအတွက်ကိုသာ တင်သွင်းရမှာ ဖြစ်ပါတယ်။

ဒါ့ပြင် လျှပ်စစ်သုံးယာဉ်တင်သွင်းမဲ့ကုမ္ပဏီက တင်သွင်းမဲ့ လျှပ်စစ်သုံးယာဉ်တွေအတွက် လိုအပ်တဲ့ အာမခံမှု၊ အပိုပစ္စည်း ရရှိနိုင်မှုနဲ့ ရောင်းချပြီးနောက်ပိုင်း ပြင်ဆင်မှုတွေကို ဆောင်ရွက်နိုင်တဲ့ အစီအမံထားရှိရမယ်လို့ သတ်မှတ်ထားပါတယ်။ အခု ထုတ်ပြန်တဲ့ စည်းကမ်းချက်တွေဟာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်အထိ အကျိုးသက်ရောက်မှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လျှပ်စစ်သုံးယာဉ်နဲ့ ဆက်စပ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်မှု ကို အထောက်အကူပြုနိုင်ဖို့အတွက် အစပျိုးစမ်းသပ်ကာလ Pilot Project အတွင်း ပြည်ပက လျှပ်စစ်သုံးယာဉ်တွေ တင်သွင်း ရာမှာ လိုက်နာရမဲ့စည်းကမ်းချက်တွေကို နှစ်စဉ်ထုတ်ပြန်နေတာ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## အကောက်ခွန်နှုန်းများ မတိုးမြှင့်မီ သွင်းကုန်များတိုးမြှင့်တင်သွင်းခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ်၊ ပထမ ၃ လပတ်၏ ကုန်စည်ကုန်သွယ်ရေးညွှန်းကိန်း အတက်ပြခဲ့

အကောက်ခွန်နှုန်းများတိုးမြှင့်မည်ကို စိုးရိမ်သော သွင်းကုန်လုပ်ငန်းရှင်များ၏ ကြိုတင်တင်သွင်းမှုများ ကြောင့် ၂၀၂၅ ခုနှစ်၊ အစောပိုင်း ကမ္ဘာ့ကုန်စည်ကုန်သွယ် မှုသည် သိသာစွာမြင့်တက်ခဲ့သော်လည်း ပို့ကုန်အမှာစာ များကျဆင်းမှုကြောင့် ယင်းတိုးတက်မှုသည် ရေရှည်မ ဟုတ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့တွင်ထုတ်ပြန်ခဲ့သောကုန်စည်ကုန်သွယ် ရေးညွှန်းကိန်း(WTO Goods Trade Barometer) က ဖော်ပြနေသည်။




ကုန်စည်ကုန်သွယ်ရေးညွှန်းကိန်း – Goods Trade Barometer ဆိုသည်မှာ ကမ္ဘာ့ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ကုန်စည်ကုန် သွယ်မှုလမ်းကြောင်းတစ်လျှောက် တိုးတက်ဖြစ်ပေါ်မှုများကိုအချိန်နှင့်တစ်ပြေးညီ ပေါင်းစုဖော်ပြထားသော ဦးဆောင်ညွှန်းကိန်း တစ်မျိုးဖြစ်သည်။

၁၀၀အထက်ညွှန်းကိန်းတန်ဖိုးက ကမ္ဘာ့ကုန်သွယ်မှုပမာဏသည် အတက်ဘက်သို့ရောက်နေကြောင်းဖော်ပြပြီး ၁၀၀ အောက် ညွှန်းကိန်းတန်ဖိုးကကမ္ဘာ့ကုန်သွယ်မှုကျဆင်းခြင်း (သို့မဟုတ်) မကြာမီကျဆင်းမည်ဟုဖော်ပြခြင်း ဖြစ်သည်။)

လက်ရှိကုန်စည်ကုန်သွယ်မှုညွှန်းကိန်း ၁၀၃ ဒသမ ၅သည်ပြီးခဲ့သည့်၃ တစ်ကြိမ် ကုန်သွယ်မှုပမာဏ ညွှန်းကိန်းများနှင့် အခြေခံညွှန်းကိန်းတန်ဖိုး ၁၀၀ထက်လည်းမြင့်မားနေပြီး ပို့ကုန်အမှာစာ ညွှန်းကိန်းကမူ ပြီးခဲ့သ ည့်နှစ်ကထက် လျော့နည်း၍ ၉၇ ဒသမ ၉ သို့ကျဆင်းခဲ့ကြောင်း၊ လာမည့်လများတွင် ကုမ္ပဏီများ၏ ကြိုတင်တင်သွင်းခဲ့မှုများကြောင့် ကုန်စည်လက်ကျန်ထဲမှ အသုံးပြုကာ သွင်းကုန်လျှော့ချတင်သွင်းမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ပို့ကုန်အမှာစာညွှန်းကိန်း၉၇ ဒသမ ၉ သည်အခြေခံညွှန်းကိန်းတန်ဖိုး၁၀၀ထက်လျော့နည်းနေရာ ယခုနှစ်နှောင်းပိုင်းကုန်သွယ်မှုသည်ကျဆင်းနိုင်ကြောင်း၊သို့သော် ကုန်စည်ကုန်သွယ်မှုညွှန်းကိန်း၏ အခြားအစိတ်အပိုင်းများကမူ ကုန်သွယ်မှုလမ်းကြောင်း အထက်တွင်ရှိကြောင်း ဖော်ပြထားသည်။

လေကြောင်းကုန်စည်ပို့ဆောင်မှုညွှန်းကိန်း ၁၀၄ ဒသမ ၃ နှင့် ကွန်တိန်နာများဖြင့်သယ်ယူပို့ဆောင်မှုညွှန်းကိန်း၁၀၇ ဒသမ ၁ တို့သည် ကုန်စည်သယ်ယူပို့ဆောင်မှု တိုးတက်ကြောင်းပြသခဲ့သည်။

မော်တော်ကား အစိတ်အပိုင်းထုတ်လုပ်မှုညွှန်းကိန်း ၁၀၅ ဒသမ ၃ သည်လည်း ကုန်သွယ်မှုလမ်းကြောင်းအထက်တွင်ရှိသောကြောင့် မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် ရောင်းချမှု ဆက်လက်ကောင်းမွန်နေကြောင်း ပြသသည်။ ၂၀၂၃ နှင့် ၂၀၂၄ ခုနှစ်များက ကျဆင်းခဲ့သော လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုသည် ယခုနှစ်တွင် ညွှန်းကိန်း ၁၀၂ ဒသမ ၈ ဖြင့် ကုန်သွယ်မှုလမ်းကြောင်းအထက် တွင်ရှိကြောင်း တွေ့ရှိရသည်။ ကုန်ကြမ်းပစ္စည်းညွှန်းကိန်း အခြေခံညွှန်းကိန်းအထက်တွင် ၁၀၀ ဒသမ ၈ ဖြင့် ရပ်တည်နေပါသည်။

၂၀၂၄ ခုနှစ်၊ စတုတ္ထ ၃ လပတ်တွင် အလယ်အလတ်နှုန်းဖြင့် တိုးတက်ခဲ့သော ကမ္ဘာ့ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၅ ခုနှစ်၊ ပထမ ၃ လပတ်တွင် ပြန်လည်တိုးတက်ခဲ့ကြောင်း ကုန်စည်ကုန်သွယ်မှုညွှန်းကိန်းနှင့် ယာယီကုန်သွယ်မှုအချက်အလက်များအရ သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အတွင်းရေးမှူးအဖွဲ့မှ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့က ထုတ်ဝေခဲ့သော "ကမ္ဘာ့ကုန်သွယ်မှုအလားအလာနှင့် စာရင်းဇယားများ အစီရင်ခံစာ" အရ အကောက်ခွန်နှုန်းအနိမ့်ဖြင့် ဆက်လက်ကောက်ခံသည့် ၂၀၂၅ ခုနှစ်၊ အစပိုင်းတွင် ကုန်သွယ်မှုတိုးတက်နှုန်းသည် ၂ ဒသမ ၇ ရာခိုင်နှုန်း ရှိပြီး အကောက်ခွန်အသစ်များစတင်ကျင့်သုံးမည့် ဧပြီလ လယ်မှစ၍ သုည ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်ကြောင်း၊ အမေရိကန် – တရုတ်နှင့် အမေရိကန် – ဗြိတိန် ကုန်သွယ်မှု သဘောတူညီချက်များ ရရှိခဲ့သော်လည်း စတီးနှင့်အလူမီနီယံတို့အပေါ် အကောက်ခွန်နှုန်းများ ဆက်လက်မြင့်မားဆဲဖြစ်သောကြောင့် ကုန်သွယ်မှုခန့်မှန်းချက်များသည်တိုးတက်မှုနှင့်ကျဆင်းမှုကြား သုည ဒသမ ၁ ရာခိုင်နှုန်းလောက်သာ ကွာဟနိုင်ကြောင်း ၊ သို့သော် အမေရိကန်အနေဖြင့်တန်ပြန်အကောက်ခွန်မူဝါဒကို ပြန်လည်အသက်သွင်းပြီး ကမ္ဘာနှင့်အဝှန်း ကုန်သွယ်ရေးမူဝါဒများ မတည်ငြိမ်ဖြစ်ပါက ကုန်သွယ်မှုကျဆင်းခြင်းက ပိုမိုဖြစ်နိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ခန့်မှန်းထားသည်။

**Source :www.wto.org**

https://myantrade.gov.mm/

## အမေရိကန် တင်သွင်း/ တင်ပို့ ဈေးနှုန်းလျော့ကျမှုနှင့် စီးပွားရေးအပေါ် သက်ရောက်မှုများ



၂၀၂၅မေလတွင် အမေရိကန်၏ တင်ပို့ဈေးနှုန်းမှာ သုညဒသမ ၉ ရာခိုင်နှုန်းလျော့ကျသဖြင့် စီးပွားရေး တင်းမာမှုများသက်သာလာကြောင်း အမေရိကန် အလုပ်သမား ဌာန (BLS)မှ ထုတ်ပြန်ကြောင်း သိရပါတယ်။

တရုတ်နှင့်ဂျပန်တို့၏ တင်သွင်းမှုဈေးနှုန်းများမှာ အနည်းငယ်လျော့ကျခဲ့သော်လည်း၊ဥရောပသမဂ္ဂမှ တင်သွင်းဈေးသုည ဒသမ ၄ ရာခိုင်နှုန်းတက်လာခြင်းကြောင့် ကမ္ဘာ့စီးပွားရေးပြန်လည်တိုးတက်မှုအတွက် အခွင့်အလမ်းများ ပိုမိုမြင့်တင်လာတော့မှာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံသို့လေကြောင်းကုန်ပို့နှုန်းနှင့်လေကြောင်းခရီးသည်ခဈေးနှုန်းများလျော့ကျမှုကသယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များ လျော့နည်းစေပြီး စီးပွားရေးကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သကဲ့သို့ ဤသက်သာလာမှုများသည်

စီးပွားရေးတည်ငြိမ်မှုအတွက် အားဖြည့်စေနိုင်မည်ဟု မျှော်လင့်ရကြောင်း နိုင်ငံတကာ သတင်းများအရ သိရသည်။

**Source : DOCA(ရော့ဝတီ)**

https://www.doca.gov.mm/

## ဆူပါဉာဏ်ရည်ဓာတ်ခွဲခန်းအသစ် ဇူကာဘာတ် စတင်မိတ်ဆက်



Meta ကုမ္ပဏီရဲ့အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘာတ်ဟာ လူသားတွေရဲ့ စွမ်းရည်ကိုကျော်လွန်နိုင်တဲ့အေအိုင်စနစ်တွေ ဖန်တီးဖို့ MSL လို့ခေါ်တဲ့ ဆူပါဉာဏ်ရည်ဓာတ်ခွဲခန်းကို လုပ်ဆောင်လိုက်ပါတယ်။

ဇွန်လ ၃၀ ရက်မှာ မိတ်ဆက်ခဲ့တဲ့ ဒီစီမံကိန်းသစ်ဟာ ကုမ္ပဏီရဲ့ အေအိုင်သုတေသနအဖွဲ့တွေနဲ့ထုတ်လုပ်ရေးအဖွဲ့တွေကိုဌာနတစ်ခုတည်းအောက်မှာ စုစည်းလိုက်တာဖြစ်ပါတယ်။

ဒီစီမံကိန်းရဲ့ရည်ရွယ်ချက်ကတော့အဆင့်မြင့်တဲ့အေအိုင်ဉာဏ်ရည်ကိရိယာတွေကိုဖန်တီးပြီးလူတိုင်းရဲ့လက်ထဲကို အရောက်ပို့နိုင်ဖို့ပါ။ Meta ကုမ္ပဏီရဲ့ အေအိုင်ဓာတ်ခွဲခန်းသစ်ကို အသက် ၂၈ နှစ် အရွယ်ရှိတဲ့ အလက်ဇန္ဒားဝမ်(Alexandra Wang)က ဦးဆောင်သွားမှာ ဖြစ်ပါတယ်။ အေအိုင်ရဲ့ တိုးတက်မှုနှုန်းတွေ မြင့်လာတာကြောင့် စူပါဉာဏ်ရည်လို အေအိုင်တွေကို ဖန်တီးဖို့က တော်တော်လေးနီးစပ်လာနေပါပြီ။ ဒါဟာ လူသားမျိုးနွယ်အတွက် ခေတ်တစ်ခေတ်ရဲ့အစဖြစ်ပြီး Meta ကုမ္ပဏီအနေနဲ့ ဒီကိစ္စမှာ ဦးဆောင်နိုင်ဖို့ လိုအပ်တာအားလုံး လုပ်ဆောင်သွားမယ်လို့ မာ့ခ်ဇူကာဘာတ်က ပြောပါတယ်။

ဒီလုပ်ဆောင်မှုဟာနည်းပညာနဲ့လူ့အဖွဲ့အစည်းရဲ့အနာဂတ်ကို ပြောင်းလဲပစ်နိုင်မဲ့ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်တယ်လို့လည်း ပြောပါတယ်။ကုမ္ပဏီရဲ့ဆူပါဉာဏ်ရည်ကိုစတင်လုပ်ဆောင်လိုက်တဲ့အချိန်ဟာအမေရိကန်နည်းပညာကုမ္ပဏီတွေကြား ပြိုင်ဆိုင်မှုတွေ တိုးလာနေချိန်အပြင် တရုတ်နိုင်ငံနဲ့လည်း ပြိုင်ဆိုင်မှုတွေ တိုးလာချိန်နဲ့ တိုက်ဆိုင်နေပါတယ်။

ဒီနှစ် ဇန်နဝါရီလတုန်းက အနောက်တိုင်းနည်းပညာဖန်တီးသူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေဟာ တရုတ်အေအိုင် နည်းပညာကုမ္ပဏီသစ် Deepseek ပေါ်လာတဲ့ကိစ္စကြောင့် တုန်လှုပ်သွားခဲ့ပါတယ်။ Deepseek က သူတို့ရဲ့ အေအိုင်ဟာ OpenAI ရဲ့ ChatGPT ထက်သာလွန်တယ်လို့ ကြေညာခဲ့ပါတယ်။ ဒါဟာ အေအိုင်နယ်ပယ်မှာ ပြိုင်ဆိုင်မှုတွေ ဘယ်လောက် ပြင်းထန်လာပြီဆိုတာကို ပြနေတာ ဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

# STOCK EXCHANGE (3.7.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Jul. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 69,219 (Shares) | 133,828,140 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,800 | +100 | +1.49% | 6,800 | 6,800 | 6,800 | 251 | 1,706,800 | 33,109,694 | 225,146 |
| MTSH | 00002 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,150 | 679 | 2,172,800 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,400 | 7,500 | 7,400 | 506 | 3,745,000 | 10,400,986 | 78,007 |
| FPB | 00004 | 1,900 | +50 | +2.70% | 1,900 | 1,900 | 1,900 | 110 | 209,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,700 | 2,800 | 2,700 | 420 | 1,135,500 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,600 | 1,650 | 1,600 | 385 | 616,150 | 19,977,223 | 32,962 |
| AMATA | 00007 | 3,800 | -50 | -1.30% | 3,750 | 3,800 | 3,750 | 19 | 71,500 | 10,497,598 | 39,891 |
| MAEX | 00008 | 3,150 | +100 | +3.28% | 3,050 | 3,150 | 3,050 | 2,037 | 6,213,550 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 3rd Jul. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 355.10 | +4.92 | +1.40% | 348.78 | 355.10 | 348.56 | 4,407 | 15,870,300 | 8 | 669,780 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 3rd Jul. 2025

| Trading Volume | Trading Value |
|---|---|
| 69,769 (Shares) | 135,534,890 (MMK) |

## Main Board

As of 1:00 pm, 3rd Jul. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 69,219 (Shares) | 133,828,140 (MMK) |

| MYANPIX | 355.10 ▲ 4.92 |
|---|---|
| Total Volume (shares) | 4,407 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 669,780 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,800 | ▲ 100 |
| MTSH | 00002 | 3,250 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 100 |
| FPB | 00004 | 1,900 | ▲ 50 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,800 | ▼ 50 |
| MAEX | 00008 | 3,150 | ▲ 100 |